# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# အကျဉ်းထောင်၊ရဲစခန်းအချုပ်ခန်းများနှင့်
# တရားရုံးအချုပ်ခန်းတို့အားကြည့်ရှုစစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍သတင်းထုတ်ပြန်ချက်
# အမှတ်စဉ် (၅/၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်နှစ်ဦး ပါဝင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းစိန်ဗဟိုအကျဉ်းထောင်၊ အင်းစိန်မြို့မရဲစခန်းအချုပ်ခန်းနှင့် အင်းစိန်မြို့နယ် တရားရုံး အချုပ်ခန်းတို့အား ၂၀၁၇ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ စစ်ဆေးတွေ့ရှိချက်အရ အင်းစိန်မြို့မရဲစခန်းအချုပ်ခန်း၌ မအချုပ်ခန်းအိမ်သာအား သန့်ရှင်းရေးဆောင်ရွက်ရန်၊ အင်းစိန်မြို့နယ်တရားရုံးအချုပ်ခန်းများ၌ ကွပ်ပျစ်များခင်းသင့်ပြီး မအချုပ်ခန်းအား အလင်းရောင်ကောင်းမွန်စွာရရှိရေးဆောင်ရွက်ရန်၊ အင်းစိန်ဗဟိုအကျဉ်းထောင် ၌ လူဦးရေ ကြပ်တည်းမှုအား ဖြေလျော့နိုင်ရေး အကျဉ်းထောင်အတွင်း မြေနေရာလွတ်များ တွင် အိပ်ဆောင်များ ထပ်မံတိုးချဲ့ ဆောက်လုပ်ရန်၊ ရုံးထုတ်ရာတွင် နောက်မှူ အကျဉ်းသားများအား ခြေကျင်းခတ်ခြင်းအစား အခြားနည်းဖြင့်လုံခြုံရေး ဆောင်ရွက်ရန်၊ မဖြစ်မနေ သံခြေကျင်းခတ် ရမည်ဆိုပါကလည်း ယခုကဲ့သို့ သံကွင်းကိုတူဖြင့် ထုနှက်တပ်ဆင်ခြင်းအစား အခြားနည်းလမ်းဖြင့် ဆောင်ရွက်ရန်၊ ဖွဲ့စည်းပုံအရဝန်ထမ်း လိုအပ်ချက်အား ဖြည့်ဆည်းပေးရန်၊ မန္တလေးအကျဉ်း ထောင်မှ ပြောင်းရွှေ့ရောက်ရှိလာသော အကျဉ်းသားတစ်ဦးက ၎င်း၏ မိခင်ဖြစ်သူသည် မန္တလေး အကျဉ်းထောင်၌ အကျဉ်းကျခံနေရသဖြင့် ၎င်း၏ မိခင်ရှိရာ မန္တလေးဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးပါရန်တင်ပြချက်အပေါ် ထည့်သွင်းစဉ်းစား၍ လိုအပ်သလို ဆောင်ရွက်ပေးရန်၊ ဘူလ်ဂေးရီးယား နိုင်ငံသားအကျဉ်းသား၏ တင်ပြချက်အရ မိခင်နိုင်ငံသို့ လွှဲပြောင်းအကျဉ်းကျ ခံနိုင်ရေး လိုအပ်သလို ဆောင်ရွက်ပေးရန်စသည့် အချက်များအား အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်